ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၃၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၃၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၈.၂၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော် ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၃၅)ရက်မြောက်နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ ၂-၆-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူးဖြစ်သူ ဗိုလ်မှူးကြီးမြင့်ဆွေ ဟုတ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။ ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။ ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ဗိုလ်မှူးကြီးမြင့်ဆွေ၊ တပ်မတော်သားကိုယ်စားလှယ်။ ဒေါ်နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)နဲ့ ဒေါ်ကျိုန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၈)ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူ (၁၈)ဦးဖြစ်တဲ့အတွက် စုစုပေါင်းခွင့်ပန်ကြားသူ(၂၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ ကြောင်းနဲ့ ယနေ့ခွင့်ပန်ကြားသူ (၁၈)ဦးအား လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး(၃၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်အတွင်းရှိ ရင်ကွဲတောင်၊ ကြက်မောက်တောင် သစ်တောကြိုးဝိုင်းနှင့် ကြိုးဝိုင်းပြင်ပရှိ ကျွန်းအပါအဝင် သစ်များထုတ်ယူနေခြင်းကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရန် အတွက် ရပ်ဆိုင်းရန် အစီအစဉ် ရှိ/မရှိနှင့် ရပ်ဆိုင်းခြင်းမရှိပါက သစ်တောပြုန်းတီးပြီး သစ်တော အတန်းအစား ကျဆင်းခြင်းမှကာကွယ်ရန် ဒေသခံပြည်သူများ လက်ခံနိုင်သည့် ပွင့်လင်းမြင်သာသော အစီအစဉ်ဖြင့် ထုတ်လုပ်ရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင် က ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်အတွင်းရှိ ရင်ကွဲတောင်၊ ကြက်မောက်တောင် သစ်တောကြိုးဝိုင်း နှင့် ကြိုးဝိုင်းပြင်ပရှိ ကျွန်းအပါအဝင် သစ်များထုတ်ယူနေခြင်းကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း နိုင်ရေးအတွက် ရပ်ဆိုင်းရန် အစီအစဉ်ရှိ/မရှိနှင့် ရပ်ဆိုင်းခြင်းမရှိပါက သစ်တောပြုန်းတီးပြီး သစ်တော အတန်းအစား ကျဆင်းခြင်းမှကာကွယ်ရန် ဒေသခံပြည်သူများ လက်ခံနိုင်သည့် ပွင့်လင်းမြင်သာသော အစီအစဉ်ဖြင့် ထုတ်လုပ်ရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင် ဖြစ်ပါတယ်။ ကျွန်မမေးမြန်းသွားမယ့် မေးခွန်းကတော့ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်အတွင်းရှိ ရင်ကွဲတောင်သစ်တောကြိုးဝိုင်း၊ ကြက်မောက်တောင်သစ်တောကြိုးဝိုင်းနဲ့ ကြိုးဝိုင်းပြင်ပရှိ ကျွန်းအပါအဝင် သစ်များထုတ်ယူနေခြင်းကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန်အတွက် ရပ်ဆိုင်းရန် အစီအစဉ် ရှိ/မရှိနှင့် အကယ်၍ ရပ်ဆိုင်းနိုင်ခြင်းမရှိပါက သစ်တောပြုန်းတီးပြီး သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာကွယ်ရန် ဒေသခံပြည်သူများ လက်ခံနိုင်သည့် ပွင့်လင်းမြင်သာသော အစီအစဉ်ဖြင့် ထုတ်ယူရန် ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ လဲပုံအုပ်စုရှိ ရင်ကွဲတောင်သစ်တောကြိုးဝိုင်းနဲ့ ကြက်မောက်တောင်သစ်တောကြိုးဝိုင်းဟာ မကွေးတိုင်း၊ ဆောမြို့နယ်၊ စေတုတ္တရာမြို့နယ်တို့နဲ့ ဆက်စပ်နေပြီး အဖိုးတန် ကျွန်းသစ်နဲ့ သစ်မာများ ထွက်ရှိရာ သစ်တောကြိုးဝိုင်းများဖြစ်ပါတယ်။ အဲဒီ ကြိုးဝိုင်းအတွင်းမှာရှိနေတဲ့ သစ်တွေကို သစ်ထုတ်လုပ်ရေးကနေ နှစ်ပေါင်း(၃၀)ခန့် ထုတ်ယူခဲ့ပြီး ၂၀၁၀ ခုနှစ်နောက်ပိုင်းမှာ ကုမ္ပဏီများမှ သစ်ထုတ်ယူခဲ့ကြကြောင်း ဒေသခံများရဲ့ တင်ပြချက်အရ သိရှိရပါတယ်။ ဒီလိုသစ်ထုတ်ယူရာမှာ ကြိုးဝိုင်းအတွင်းသာမကဘဲနဲ့ ကြိုးဝိုင်းပြင်ပမှာရှိတဲ့ ဒေသခံပြည်သူတွေရဲ့ အသက်သွေးကြောဖြစ်တဲ့ ရေဝေရေလဲဒေသမှာရှိတဲ့ သစ်တွေကိုပါ ဒေသခံတွေကန့်ကွက်နေတဲ့ကြားထဲက ဒေသခံတွေရဲ့ ဆန္ဒနဲ့ သဘောထားကို လျစ်လျူရှုပြီးတော့ သူတို့ရဲ့ဘိုးဘွားပိုင်ပစ္စည်းတွေလို ကြိုက်သလို ထုတ်ယူနေခဲ့ကြပါတယ်။

ဒီလို သစ်ထုတ်ယူခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်များ ပျက်စီးခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်း၊ သစ်တောအတန်းအစားကျဆင်းခြင်း စတဲ့ဆိုးကျိုးတွေကို ဆက်တိုက်ထိခိုက်ခံစားရတဲ့အပြင် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှာ တိုက်ခတ်ခဲ့တဲ့ ကိုမန်ဆိုင်ကလုံးမုန်တိုင်းဒဏ်ကို အကြီးအကျယ်ခံစားရပြီး မုန်းချောင်းဘေး ဝဲယာမှာရှိတဲ့ ကျေးရွာတွေ ရွာလုံးကျွတ်နီးပါး ရေထဲပါသွားခြင်း၊ လယ်ယာမြေများ ပျက်စီးဆုံးရှုံးခြင်း၊ လူတို့ရဲ့ အသက်အိုးအိမ်စတဲ့ လူမှုဒုက္ခတွေကို ပြင်းထန်စွာ ထိခိုက်ခံစားခဲ့ကြရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ ဥပဒေ အခန်း(၄)၊ ပုဒ်မ ၅ မှာ တိုင်းရင်းသားလူမျိုးများရဲ့ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ သဘာဝသယံဇာတထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မယ်ဆိုရင် စီမံကိန်းအကြောင်းအရာများကို ဌာနေတိုင်းရင်းသားလူမျိုးများအား ပြည့်စုံတိကျစွာ ချပြအသိပေး၍ ညှိနှိုင်းဆောင်ရွက်ရမည်လို့ ပါရှိပါတယ်ရှင်။

သို့ဖြစ်ပါ၍ ကျွန်မအနေဖြင့် ကန်ပက်လက်မြို့နယ် ဒေသခံပြည်သူများကိုယ်စား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌကြီးမှတစ်ဆင့်

မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်အတွင်းရှိ ရင်ကွဲတောင်သစ်တော ကြိုးဝိုင်း၊ ကြက်မောက်တောင် သစ်တောကြိုးဝိုင်းနဲ့ ကြိုးဝိုင်းပြင်ပရှိ ကျွန်းအပါအဝင် သစ်များထုတ်ယူနေခြင်းကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရန်အတွက် ရပ်ဆိုင်းရန် အစီအစဉ် ရှိ/မရှိနဲ့ ရပ်ဆိုင်းနိုင်ခြင်း မရှိပါက သစ်တောပြုန်းတီးပြီး သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာကွယ်ရန် ဒေသခံများ လက်ခံနိုင်သည့် ပွင့်လင်းမြင်သာသော အစီအစဉ်ဖြင့် ထုတ်ယူရန် ရှိ/မရှိကို မေးမြန်းတင်ပြအပ်ပါတယ်ရှင်။ အားလုံး ကျန်းမာချမ်းသာကြပါစေရှင်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ တက်ရောက်လာသူအားလုံးကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်ခင်ဆွေလွင် ရဲ့ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်အတွင်းမှာရှိတဲ့ ရင်ကွဲတောင်သစ်တောကြိုးဝိုင်းနဲ့ ကြိုးဝိုင်းပြင်ပမှာရှိတဲ့ ကျွန်းအပါအဝင် သစ်များထုတ်ယူခြင်းကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးအတွက် ရပ်ဆိုင်းခြင်းအစီအစဉ် ရှိ/မရှိ၊ ရပ်ဆိုင်းခြင်းမရှိပါက သစ်တောပြုန်းတီးပြီး သစ်တောအတန်းအစား ကျဆင်းနေခြင်းမှ ကာကွယ်ရန် ဒေသခံပြည်သူများလက်ခံနိုင်တဲ့ ပွင်းလင်းမြင်သာတဲ့ အစီအစဉ်နဲ့ ထုတ်လုပ်ရန်ရှိ/မရှိကို ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ ၁၉၉၅ ခုနှစ်မှာ ထုတ်ပြန်ထားတဲ့ မြန်မာ့သစ်တောမူဝါဒနဲ့ နှစ်(၃၀)အမျိုးသားပင်မစီမံကိန်း ၂၀၀၁-၂၀၀၂ ကနေပြီးတော့ ၂၀၃၀-၂၀၃၁ ထိကို ရေးဆွဲအကောင်အထည်ဖော်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ချိန်တည်းမှာပဲ သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများကို (၁၀)နှစ်တစ်ကြိမ် ပြင်ဆင်ရေးသားပြီးတော့ (၅)နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ပြီး အကောင်အထည်ဖော်ခြင်း လုပ်ငန်းများကိုလည်းပဲ ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်မှာရှိတဲ့ သယံဇာတ၊ သစ်တောသယံဇာတအရင်းအမြစ်တွေ ရေရှည်တည်တံ့ခိုင်မြဲရေးနဲ့ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုတဲ့ သစ်နဲ့တကွ သစ်ထုတ်လုပ်၊ သစ်တောထွက်ပစ္စည်းများကို စနစ်တကျထုတ်ယူဖို့ရာ အင်မတန်အရေးကြီးပါတယ်။ ဟန်ချက်ညီအောင်ဆောင်ရွက်ဖို့ကလည်း အင်မတန်အရေးကြီးပါတယ်။ အဲလိုဆောင်ရွက်နိုင်မှသာလျှင် ထာဝစဉ် သစ်တောစီမံအုပ်ချုပ်မှုလုပ်ကိုင်မှုစနစ်လို့ခေါ်တဲ့ (Sustainable Forest

Management - SFM) ကို ကျင့်သုံးပြီးတော့ သစ်တောမူဝါဒနဲ့အညီ သစ်တောဥပဒေ၊ နည်းဥပဒေ များကို စနစ်တကျ ပြဋ္ဌာန်းပြီးတော့လည်း ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။

အခုအခါမှာ ၂၀၁၆-၂၀၁၇ ကနေပြီးတော့ ၂၀၂၅-၂၀၂၆ အထိ (၁၀)နှစ်ကာလအတွက် ခရိုင်သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းစီမံကိန်း (၆၈)ခရိုင် ကျွန်တော်တို့ ရေးဆွဲပြီးဖြစ်ပါတယ်။ ခရိုင် အလိုက် နှစ်စဉ်သစ်ထုတ်နိုင်တဲ့ ကျွန်း၊ သစ်မာ၊ ပင်ထောင်အရေအတွက်များကိုလည်းပဲ စနစ်တကျ တွက်ချက်ပြီးတော့ ကျွန်တော်တို့ သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနဟာ သစ်ထုတ်လုပ်မှုနဲ့ ပတ်သက်ပြီးတော့ သစ်တော သယံဇာတတွေ ရေရှည်တည်တံ့တိုးပွားစေရေး၊ ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝဘေးအန္တရာယ် ကျရောက်မှုသက်သာရေး၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး စသည်တို့ကို ထည့်သွင်းစဉ်းစားပြီးတော့ နှစ်စဉ်တောထွက် ပမာဏ (Annual Allowable Cut) လို့ခေါ်တဲ့ AAC အတွင်းကနေ ကျွန်တော်တို့ သစ်ထုတ်လုပ်ခြင်းကို ၂၀၁၄-၂၀၁၅ ကစပြီးတော့ ဆောင်ရွက်နေပါတယ်။ ဆောင်ရွက်တဲ့နေရာမှာလည်းပဲ ၂၀၁၄-၂၀၁၅ ကစပြီးတော့ ကျွန်းနဲ့သစ်မာတွေကို သတ်မှတ်ထားတဲ့ AAC ရဲ့ Limit အတိုင်း မထုတ်ဘဲနဲ့သတ်မှတ်ထားတဲ့ ကျွန်တော်တို့ လျှော့ပြီးတော့ ထုတ်ပါတယ်ခင်ဗျား။ အဲဒီလို ပြည်တွင်းသစ်ထုတ်လုပ်မှုကို သိသိသာသာ လျှော့ချခဲ့တဲ့အပြင် ၂၀၁၄ ဧပြီလ ၁ ရက်နေ့ကစပြီးတော့ ပြည်ပကို သစ်အလုံးလိုက် တင်ပို့ခြင်းကို လည်းပဲ ရပ်ဆိုင်းထားပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးမှာ နှစ်စဉ်ထုတ်လုပ်နိုင်မယ့် နှစ်စဉ်တောထွက်ပမာဏဘောင်ကနေပြီးတော့ စနစ်တကျထုတ်ယူနိုင်ရန်လည်းပဲ ကျွန်တော်တို့ စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းကိုတော့ ၂၀၁၆-၂၀၁၇၊ ၂၀၂၅-၂၀၂၆ အထိ (၁၀)နှစ်စီမံကိန်းအတွက်လည်း ကျွန်တော်တို့ ရေးဆွဲ အတည်ပြုပြီးပါပြီ။

အဲဒီစီမံကိန်းမှာဆိုလို့ရှိရင် ကန်ပက်လက်မြို့အပါအဝင် မင်းတပ်ခရိုင်ရဲ့ နှစ်စဉ်ထွက်နိုင်တဲ့ AAC တောထွက်ဟာ ကျွန်းထွက်ဟာ(၆၅၀)ပဲ ရှိပါတယ်။ တစ်နှစ်ကိုထုတ်နိုင်တဲ့အပင်၊ သစ်မာကတော့ (၂၆၆၃၀)ပင်ပဲ ရှိပါတယ်။ သို့သော်လည်းပဲ အဲဒီခရိုင်မှာ သစ်ကိုထုတ်မယ်ဆိုရင် ခုနက ကျွန်တော် တင်ပြခဲ့တဲ့ ကျွန်း(၆၅၀)၊ သစ်မာ (၂၆၆၃၀)တို့ရဲ့အောက်မှာပဲ လျှော့ပြီးတော့ ထုတ်ပါမယ်။ သစ်တော ပြုန်းတီးခြင်းနဲ့ သစ်တောအတန်းအစား လျှော့ချခြင်းအတွက် မျိုးဆက်ပင်များ မရှိတဲ့နေရာတွေမှာ ကျွန်းပင် ထုတ်လုပ်မှုကိုရပ်ဆိုင်းပါမယ်ခင်ဗျား။ အဲဒီလုပ်ငန်းစဉ်မထုတ်မီ သစ်မထုတ်မီမှာ သစ်တော သယံဇာတ စာရင်းများကိုလည်းပဲ ကျွန်တော်တို့ ကောက်ယူဆောင်ရွက်မှာဖြစ်ပါတယ်။ တစ်ဆက်တည်း ကျွန်တော် တင်ပြချင်တာက ကျွန်တော်တို့ အခုဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ သစ်ထုတ်လုပ်ခြင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လုံးဝရပ်ဆိုင်းဖို့အတွက်ကို ကျွန်တော်တို့ စီမံ ဆောင်ရွက်နေကြောင်းကိုလည်းပဲ ကြိုတင် ကျွန်တော် တင်ပြချင်ပါတယ်။ အဲဒီနည်းတူ သစ်တောများကို ပြန်လည်စိုက်ပျိုး ပြုစုထိန်းသိမ်းကာကွယ်ခြင်းနဲ့ စပ်လျဉ်းပြီး ကျွန်တော် တင်ပြရမယ်ဆိုလို့ရှိရင် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်အတွင်းမှာ ၂၀၁၆ ခု၊ အခုနှစ် လာမယ့်မိုးရာသီမှာ ကျွန်းစိုက်ခင်း ဧက(၅၀)ကို ကျောက်ဆစ်တိုးချဲ့(၃) ကြိုးဝိုင်းအတွင်းမှာ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။

အဲဒီနည်းတူ ဒေသခံပြည်သူပူးပေါင်းပါဝင်တဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော စိုက်ခင်း (၂၇၃)ဧကကိုလည်းပဲ တည်ထောင်ခွင့်ပြုပြီး ဖြစ်ပါတယ်ခင်ဗျား။ အဲဒါကြောင့်မို့ သစ်ထုတ် လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ သစ်တောမပြုန်းတီးစေတဲ့ မြန်မာ့ရွေးချယ်ခုတ်လှဲ နည်းစနစ်ဖြင့် ဆောင်ရွက်မှာဖြစ်တဲ့အတွက်ကြောင့်မိုလို့ ကျန်ရှိတဲ့သစ်တောများ ထိခိုက်ပျက်စီးမှု မဖြစ် စေရန် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းဖြစ်တဲ့ မြန်မာ့သစ်လုပ်ငန်း တာဝန်ရှိသူများ ကနေပြီး တော့ အဓိကတာဝန်ယူပြီးတော့ ဆောင်ရွက်လျက်ရှိပါကြောင်း ကျွန်တော် ရှင်းလင်း ဖြေကြားအပ်ပါ တယ်ခင်ဗျား။(သြဘာသံများ)

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**မန္တလေး-တကောင်း၊ ဗန်းမော်-မြစ်ကြီးနား ပြည်ထောင်စု လမ်းမကြီးအတွင်းရှိ မြတောင်နှင့် ရွှေကူကြား ကားလမ်း မိုင်(၇၀) ခန့်သည် မြေလမ်း၊ ကျောက်ကြမ်းလမ်းများ ဖြစ်နေပြီး တံတားများမှာလည်း သစ်သားတံတားများ ဖြစ်နေခြင်း နှင့် ရွှေကူနှင့် စင်ခမ်းကြားလမ်းများ ပျက်စီးနေခြင်းတို့ကို ရာသီမရွေး စိတ်ချလက်ချ ခရီးသွားနိုင်ရန် အဆင့်မြင့် ကတ္တရာလမ်းခင်းပေးခြင်းနှင့် အဆင့်မြင့် ကွန်ကရစ်တံတား များ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင် က မန္တလေး-တကောင်း၊ ဗန်းမော်-မြစ်ကြီးနား ပြည်ထောင်စု လမ်းမကြီးအတွင်းရှိ မြတောင်နှင့် ရွှေကူကြား ကားလမ်းမိုင်(၇၀)ခန့်သည် မြေလမ်း၊ ကျောက်ကြမ်းလမ်းများဖြစ်နေပြီး တံတားများမှာလည်း သစ်သားတံတားများဖြစ်နေခြင်းနှင့် ရွှေကူနှင့်စင်ခမ်းကြားလမ်းများ ပျက်စီးနေခြင်းတို့ကို ရာသီမရွေး စိတ်ချလက်ချ ခရီးသွားလာနိုင်ရန် အဆင့်မြင့်ကတ္တရာလမ်းခင်းပေးခြင်းနှင့် အဆင့်မြင့်ကွန်ကရစ် တံတားများ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားရပါသော ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ကချင်ပြည်နယ်၊ ဗန်းမော် ခရိုင်အတွင်းရှိ မြစ်ကြီးနား - ဗန်းမော် - တကောင်း - မန္တလေး ပြည်ထောင်စုလမ်းမကြီးကို ရာသီမရွေး စိတ်ချလက်ချ ခရီးသွားလာစေနိုင်ရန်အတွက် စီစဉ်ထားရှိမှုအခြေအနေနဲ့ပတ်သက်၍ မေးခွန်း မေးမှာ ဖြစ်ပါတယ်။ ဤမေးခွန်းမေးရခြင်းရဲ့ အခြေခံအကြောင်းပြချက်များကို ကျွန်တော် တင်ပြပါမယ်။

မန္တလေး-တကောင်း၊ ဗန်းမော်-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးသည် ဗန်းမော်မြို့အတွက် အရေးကြီးသော ကားလမ်းမကြီးဖြစ်ပါတယ်။ ဗန်းမော်၊ မိုးမောက်၊ မန်စီ၊ ရွှေကူမြို့နယ်များမှ ပြည်သူများက အားထားရသော ပြည်ထောင်စုလမ်းမကြီး ဖြစ်ပါတယ်။ မန္တလေးမြို့နှင့် ဗန်းမော်မြို့ဟာ ကားလမ်းမိုင်(၂၇၇)မိုင်ရှိသော်လည်း မန္တလေးမှ နေ့လယ်(၂)နာရီကားဖြင့်ထွက်လျှင် ဗန်းမော်မြို့သို့ နောက်တနေ့ မနက်(၆)နာရီလောက်မှ ရောက်ရှိပါတယ်။ အချိန်အားဖြင့် ကားမောင်းချိန် (၁၆)နာရီကြာမြင့်ပါတယ်။

ဒီလိုကြာမြင့်ရခြင်းမှာ မြတောင်နှင့် ရွှေကူကြားကားလမ်းသည် မိုင်အားဖြင့်(၇၀)မိုင်ခန့်ဟာ မြေလမ်း၊ ကျောက်ကြမ်းလမ်းဖြစ်နေခြင်း၊ ထိုလမ်းခရီးတွင် တံတားများသည်လည်း သစ်သားတံတားများ ဖြစ်နေခြင်းတို့ကြောင့် ဖြစ်ပါတယ်။ အလားတူပဲ ရွှေကူနှင့် စင်ခမ်းကြား မိုင်တိုင်(၁၂၉)နှင့် (၁၄၄)ကြားတွင်လည်း လမ်းများ ပျက်စီးလျက်ရှိပါတယ်။ ၎င်းလမ်းတွေကို ကျွန်တော်ကိုယ်တိုင် ဗန်းမော်ပြန်သည့်အခါမှာ ကိုယ်တိုင်ကြုံတွေ့ခဲ့ရ၍လည်းကောင်း၊ ဗန်းမော်၊ မိုးမောက်၊ မန်စီ၊ ရွှေကူမြို့နယ်များမှ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒအရလည်းကောင်း ရာသီမရွေး စိတ်ချလက်ချ ခရီးသွားလာနိုင်ရန်အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မန္တလေး-တကောင်း၊ ဗန်းမော်-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးအတွင်းရှိ မြတောင်နှင့် ရွှေကူကြား ကားလမ်း မိုင်(၇၀) ခန့်သည် မြေလမ်း၊ ကျောက်ကြမ်းလမ်းများဖြစ်နေပြီး တံတားများမှာလည်း သစ်သားတံတားများ ဖြစ်နေခြင်းနှင့် ရွှေကူနှင့် စင်ခမ်းကြားလမ်းများ ပျက်စီးနေခြင်းတို့ကို ရာသီမရွေး စိတ်ချလက်ချ ခရီးသွားလာနိုင်ရန် အဆင့်မြင့် ကတ္တရာလမ်းနှင့် အဆင့်မြင့် ကွန်ကရစ်တံတားများ ခင်းပေးခြင်း၊ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြောက်ဦးမြို့၊ မြို့ပတ်လမ်း၊ ကြက်ဈေးလမ်းဆုံမှ မြို့၏တောင်ဘက်အဆုံး အားကစားကွင်းအနီး လက်ဆည်ကန် မြို့ပတ်လမ်းအထိ ရှည်လျားစွာ ရှိနေသောလမ်းကို မြို့၏ အူကြောင်းလမ်းမကြီးတစ်ခု အဖြစ် သတ်မှတ်ကာ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း  အဆင့်တိုးမြှင့် လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က မြောက်ဦးမြို့၊ မြို့ပတ်လမ်း၊ ကြက်ဈေးလမ်းဆုံမှ မြို့၏တောင်ဘက်အဆုံး အားကစားကွင်းအနီး လက်ဆည်ကန်မြို့ပတ်လမ်းအထိ ရှည်လျားစွာရှိနေသောလမ်းကို မြို့၏အူကြောင်းလမ်းမကြီးတစ်ခု အဖြစ်သတ်မှတ်ကာ ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်း  အဆင့်မြှင့် လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်

အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော်မေးထားတဲ့ မေးခွန်းကတော့ မြောက်ဦးမြို့ မြို့ပတ်လမ်း၊ ကြက်ဈေးလမ်းဆုံမှ မြို့၏တောင်ဘက်အဆုံး အားကစားကွင်းအနီး လက်ဆည်ကန်မြို့ပတ်လမ်းအထိ ရှည်လျားလှစွာသောလမ်းကို မြို့၏အူကြောင်းလမ်းမကြီး တစ်ခုအဖြစ်သတ်မှတ်ကာ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့် လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ ကျွန်တော် မေးမြန်းခဲ့ပါတယ်။ ခရိုင်မြို့လည်းဖြစ်ပြီး ရှေးမြို့တော်ဟောင်းလည်းဖြစ်တဲ့ မြောက်ဦးမြို့မှာ တောင်နဲ့မြောက်ရှိပြီး ရှိပြီးသားအူကြောင်းလမ်းကို အဆင့်မြှင့်တင် ပြုလုပ်ပေးရန် အမှန်တကယ်လိုအပ်နေလို့ ဒီမေးခွန်းကို တင်ပြခဲ့ပါတယ်။ သမ္မတရုံး ဒုတိယဝန်ကြီးက ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေကျပ် သန်း(၄၀၁)နဲ့ ဆောင်ရွက်ဖို့ လျာထားဖြည့်သွင်း ရေးဆွဲထားပါကြောင်း ဖြေကြားပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ Power Point ဇယားမှာ ဖော်ပြထားတဲ့အတိုင်းပဲ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ တင်ပြတောင်းခံခဲ့သော်လည်း ရရှိခြင်းမရှိတဲ့အတွက် အစိုးရရဲ့ ကတိကဝတ်စာရင်းမှ ပယ်ဖျက်ထားပါကြောင်း အမျိုးသားလွှတ်တော် ကတိကဝတ်ကော်မတီသို့ အကြောင်းကြားခဲ့ပါတယ်။ လွှတ်တော်မှာ ဒေသဖွံ့ဖြိုးရေးအတွက် မေးခွန်းမေးတဲ့အခါ အစိုးရရဲ့ ကတိဖြစ်ပေါ်မှုဆိုတာ မလွယ်ပါဘူး။ ဖြစ်ပေါ်ခဲ့တဲ့ကတိတွေလည်း အကြောင်းအမျိုးမျိုးကြောင့် ပယ်ဖျက်ခံထားရတာမျိုးလည်း ရှိနေပါတယ်။ ဒါဟာ ဒေသဖွံ့ဖြိုးမှုကို နောက်ကျစေပါတယ်။ ဒါကြောင့် ဒီ ကတိကဝတ်စာရင်းမှ ပယ်ဖျက်ထားခဲ့တဲ့ မြောက်ဦးမြို့ရဲ့ အူကြောင်းလမ်းမကြီးကို အဆင့်တိုးမြှင့်လုပ်ဆောင်ပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်မှာ ပြန်လည်ထည့်သွင်းပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာနဲ့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် မှ မေးထားတဲ့ကိစ္စကို အရင်ဖြေကြားမှာ ဖြစ်ပါတယ်။ ဦးသိန်းလွင်မေးထားတဲ့ကိစ္စကတော့ မန္တလေး-တကောင်း၊ ဗန်းမော်-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးအတွင်း

မှာရှိတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ မြတောင်နဲ့ ရွှေကူကြား ကားလမ်းမိုင်(၇၀)ခန့်ဟာဆိုရင် မြေလမ်း၊ ကျောက်ကြမ်းလမ်းများသာဖြစ်နေပြီးတော့ တံတားများမှာလည်း သစ်သားတံတားများဖြစ်နေခြင်း၊ ရွှေကူနဲ့ စင်ခမ်းကြားမှာရှိတဲ့လမ်းတွေဟာလည်း ပျက်စီးနေခြင်းတို့ကို ရာသီမရွေး စိတ်ချလက်ချ ခရီးသွားနိုင်ရန် အဆင့်မြင့်ကတ္တရာလမ်းနှင့် အဆင့်မြင့်ကွန်ကရစ်တံတားများ ခင်းပေးခြင်း၊ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့စပ်လျဉ်းပြီးတော့ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး-တကောင်း၊ ဗန်းမော်-မြစ်ကြီးနား လမ်းရဲ့ အစိတ်အပိုင်းဖြစ်တဲ့ မြတောင်-ရွှေကူလမ်းပိုင်းဟာ (၆၆)မိုင် (၄)ဖာလုံရှည်လျားပြီးတော့ ၃၁-၃-၂၀၁၆ ရက်နေ့ လမ်းအခြေအနေကတော့ ကတ္တရာလမ်း(၁၂)မိုင်၊ ကျောက်လမ်း (၄၆)မိုင်၊ အမာခံလမ်း(၈)မိုင် (၄)ဖာလုံ၊ စုစုပေါင်း(၆၆)မိုင် (၄)ဖာလုံ ဖြစ်ပါတယ်။ မြတောင်-ရွှေကူလမ်းပိုင်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေ နှစ်ရပ်ပေါင်းပြီးတော့ (၁၈)ပေအကျယ် ကတ္တရာလမ်းခင်းခြင်းဟာ (၁၀)မိုင်နဲ့ (၅)ဖာလုံ၊ (၁၂)ပေအကျယ် ကတ္တရာလမ်းခင်းခြင်း၊ (၉)မိုင် (၃)ဖာလုံနဲ့ ပေ(၁၀၀)အထက်ရှည်သော ကွန်ကရစ်တံတား(၃)စင်း တည်ဆောက်ခြင်း စတဲ့လုပ်ငန်းများကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ရွှေကူ - စင်ခမ်းလမ်းပိုင်းမှာ (၂၈)မိုင် (၄)ဖာလုံ ရှည်လျားပြီး ၃၁-၃-၂၀၁၆ ရက်နေ့ လမ်းအခြေအနေကတော့ ကတ္တရာလမ်း(၁၈)မိုင် (၁)ဖာလုံ၊ ကျောက်လမ်းက(၁၀)မိုင် (၃)ဖာလုံ စုစုပေါင်း(၂၈)မိုင် (၄)ဖာလုံ ဖြစ်ပါတယ်။ ရွှေကူ-စင်ခမ်းလမ်းပိုင်းဟာဆိုရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေနဲ့ ပြည်နယ်ရန်ပုံငွေနှစ်ရပ်ပေါင်း (၁၂)ပေအကျယ် ကတ္တရာလမ်းခင်းခြင်း (၁၄)မိုင် (၆)ဖာလုံ၊ (၃၄)ပေအကျယ် လမ်းတာရရန် ကျောက်တောင်နဲ့ မြေတောင်များချဲ့ခြင်း (၉)မိုင် (၇)ဖာလုံ၊ ကျောက်စီမြေကာနံရံနဲ့ ရေတားနံရံ တည်ဆောက်ခြင်းဟာပေ(၄၅၀)၊ (၅၀)ပေအောက် ကွန်ကရစ်တံတားတည်ဆောက်ခြင်း (၄)စင်း စတဲ့လုပ်ငန်းများကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြတောင်-ရွှေကူလမ်းပိုင်းမှာ လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်မှာဆိုရင် ကတ္တရာလမ်း (၃၂)မိုင် (၃)ဖာလုံ၊ ကျောက်လမ်း(၃၄)မိုင် (၄)ဖာလုံ ရောက်ရှိမှာဖြစ်ပါတယ်။ ရွှေကူ-စင်ခမ်း အပိုင်းမှာတော့ လုပ်ငန်းများဆောင်ရွက်ပြီးပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်မှာဆိုရင် လမ်းပိုင်းတစ်ခုလုံး ကတ္တရာလမ်းအဆင့် ဆောင်ရွက်ပြီးစီးမည်ဖြစ်ပြီးတော့ တံတားများဟာလည်း ကွန်ကရစ်တံတားများအဖြစ် ဆောင်ရွက်ပြီးစီးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြတောင်-ရွှေကူလမ်းပိုင်းမှာဆိုရင် ကတ္တရာလမ်းအဆင့်ဆောင်ရွက်ရန်ကျန်ရှိတဲ့ကျောက်လမ်း(၃၄)မိုင် (၄)ဖာလုံကို (၁၈)ပေအကျယ် ကတ္တရာလမ်းအဆင့် ဆောင်ရွက်ရန်နှင့် ပေ(၅၀)အောက် သံကူကွန်ကရစ်တံတားများ တည်ဆောက်ရန် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ ODA LOAN ချေးငွေဖြင့်လည်းကောင်း၊ ဘဏ္ဍာနှစ်အလိုက်ရန်ပုံငွေ တောင်းခံ၍လည်းကောင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ ODA LOAN ချေးငွေဖြင့် ဆောင်ရွက်ရန်အဆိုပြုတင်ပြထားပြီးဖြစ်တဲ့အတွက် လေ့လာဆန်းစစ်မှုများ (Feasibility Study) အား စတင်ဆောင်ရွက်နေပြီဖြစ်ပြီး

ခွင့်ပြုလာပါက လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် မှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ မြောက်ဦးမြို့၊ မြို့ပတ်လမ်း ကြက်ဈေးလမ်းဆုံမှ မြို့ရဲ့တောင်ဘက်အဆုံး အားကစားကွင်းအနီးလက်ဆည်ကန်မြို့ပတ်လမ်းအထိ ရှည်လျားစွာရှိသောလမ်းကို မြို့ရဲ့အူကြောင်းလမ်းမကြီးတစ်ခုအဖြစ်သတ်မှတ်ကာ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဆင့် တိုးမြှင့်လုပ်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ မေးခွန်းကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ မြို့ပတ်လမ်းကြက်ဈေးလမ်းဆုံမှ မြို့ရဲ့တောင်ဘက်အဆုံး အားကစားကွင်းအထိ လက်ဆည်ကန်မြို့ပတ်လမ်းအထိ ရှည်လျားစွာ တည်ရှိတဲ့လမ်းဟာဆိုရင် ပေ(၆၅၀၀)ရှည်လျားပြီးတော့ မြောက်ဦးမြို့၊ စည်ပင်သာယာအဖွဲ့က တာဝန်ယူဆောင်ရွက်တဲ့လမ်း ဖြစ်ပါတယ်။ ကြက်ဈေးလမ်းဆုံမှ ကုန်သည်တန်းတံတားအထိ ပေ(၅၀၀၀)ဟာဆိုရင် (၁၂)ပေအကျယ် ကတ္တရာလမ်းဖြစ်ပြီးတော့ ကုန်သည်တန်းတံတားမှ လက်ဆည်ကန်လမ်းဆုံအထိ ပေ(၁၅၀၀)ဟာဆိုရင် မြေလမ်းအဆင့်သာ ဖြစ်ပါတယ်။ အဆိုပါ မြေသားလမ်းပေ(၁၅၀၀)ဟာ အကျယ်(၁၀)ပေခန့်သာရှိတဲ့အတွက် (၁၂)ပေအကျယ် ကတ္တရာလမ်းအဆင့် ဆောင်ရွက်မည်ဆိုပါက လမ်းတစ်ဖက်တစ်ချက်မှာရှိတဲ့ လူနေအိမ်ခြေ(၃၀)ခန့်အားသက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကော်မတီများနှင့် ကွင်းဆင်းစစ်ဆေးညှိနှိုင်းပြီး (၁၂)ပေအကျယ် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်ရန်အတွက် ခန့်မှန်းခြေ ကုန်ကျငွေဟာဆိုရင် ကျပ်သန်းပေါင်း (၇၀)ကုန်ကျမှာဖြစ်ပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ရန်ပုံငွေနဲ့ စည်ပင်သာယာအဖွဲ့ ရန်ပုံငွေတို့မှ လျာထားရေးဆွဲထားခြင်းမရှိတဲ့အတွက် နောင်ဘဏ္ဍာနှစ်များမှာ ဦးစားပေးအလိုက် ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့

ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးလားလ်မင်းထန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အစီရင်ခံစာကို တင်ပြသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်
## စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ် ၁/အမ(ကော်မတီ-၁)၁/၂၀၁၆-၁၅၂

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊ ဇွန် လ ၁ ရက်

၁။ ပြည်သူ့လွှတ်တော်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၆-၅-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၃၁-၅-၂၀၁၆ ရက်နေ့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်မှ ပညာရှင်များနှင့် ဆွေးနွေး ညှိနှိုင်းခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် သဘောတူပြီး ပေးပို့လာသည့် ဥပဒေကြမ်း၏ အပိုဒ် ၂ ကို ပိုမိုတိကျမှု ရှိစေရန်အတွက် အောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၂။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅ တွင် ပါရှိသော အဖွဲ့ဝင်ငါးဦးစီကို ဆိုသည့် စကားရပ်ကို ငါးဦးစီထက်မပိုစေဘဲ တူညီသောအရေအတွက်ရှိသည့် အဖွဲ့ဝင်များကို ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၇-၆-၂၀၁၆ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၆) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ၁၀း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]